# အကူးအပြောင်းကာလ- အပြုသဘောဆောင်သော အတန်းကျောင်းစတင်ခြင်း

**အသွင်ကူးပြောင်းရေး သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထုတ်ပြန်ချက် (Transition Learning and Development Statement) ကို မိသားစုများ ဖြည့်စွက်ရန် အထောက်ကူပြုမည့် လမ်းညွှန်ချက်များ**

## အပြုသဘောဖြင့် အတန်းကျောင်းသို့ စတင်ရန် မည်သည့်အတွက် အရေးကြီးပါသနည်း။

အပြုသဘောဆောင်သောအတန်းကျောင်းသို့ စတင်ခြင်းသည် သင့်ကလေးအား သူငယ်တန်းမှ အတန်းကျောင်းသို့ပြောင်းချိန်တွင် ၎င်းတို့၏ အနာဂတ်သင်ယူမှု ပိုမိုပျော်ရွှင်စွာ သင်ယူနိုင်စေသည်။ အပြုသဘောဆောင်သော အကူးအပြောင်းကာလသည် သင့်ကလေး၏ ယခင်နှင့်လက်ရှိအတွေ့အကြုံများကို ပေါင်းစပ်တည်ဆောက်ခြင်းအားဖြင့် စိတ်အနှောင့်အယှက်ကင်းစွာ မိမိကိုယ်ကိုယုံကြည်စိတ်နှင့် စာသင်လိုစိတ်ရရှိပြီး ကလေး၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဆက်မပြတ်စေရန်ကိုလည်း အထောက်အကူပြုသည်။ အပြုသဘောဆောင်သော အတန်းကျောင်းစတင်ခြင်းသည် ကလေးများအား ပိုမိုကြံ့ခိုင်လာစေရန်ကိုလည်း အထောက်ကူပေးနိုင်သည်။

## အသွင်ကူးပြောင်းရေး သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထုတ်ပြန်ချက်သည် အဘယ်နည်း။

ကနဦး ကလေးဘဝ ဝန်ဆောင်မှုများ၊ အတန်းကျောင်းများ၊ ကျောင်းချိန်ပြင်ပစောင့်ရှောက်မှု (OSHC) ဝန်ဆောင်မှုများနှင့် မိသားစုများသည် ကလေးများ၏ သင်ယူမှုနှင့် ကျန်းမာပျော်ရွှင်ရေးကို အတူပူးပေါင်း ပံ့ပိုးပေးကြသည်။ ၎င်းတို့သည် အသွင်ကူးပြောင်းရေး သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထုတ်ပြန်ချက် (TLDS) ကို အသုံးပြု၍ သတင်းအချက်အလက်များကို မျှဝေကြသည်။ ကလေးတိုင်းအတွက် ၎င်းတို့ အတန်းကျောင်းစတက်မည့်အလျှောက် ဤထုတ်ပြန်ချက်ကို ကနဦး ကလေးဘဝ ဝန်ဆောင်မှုက ရေးသားထားသည်။

TLDS အားဖြင့် ကနဦး ကလေးဘဝ ဝန်ဆောင်မှုများနှင့် အတန်းကျောင်းများကြားတွင် သင့်ကလေး၏ သင်ယူမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာပျော်ရွှင်မှုဆိုင်ရာ အချက်အလက်များကို မျှဝေပါသည်။ TLDS သည် သင့်ကလေး၏

စိတ်ဝင်စားရာများ၊ ကျွမ်းကျင်မှုများနှင့် စွမ်းရည်များကို လျင်မြန်စွာ သုံးသပ်ပေးပြီး သင့်ကလေးအား ပံ့ပိုးပေးရန် တစ်ဦးချင်းအလိုက် ချဉ်းကပ်ပုံများနှင့် သင်ကြားမှုဆိုင်ရာ အစီအစဉ်များကို သတ်မှတ်ပေးပါသည်။

TLDS သည် သင့်ကလေး ကျောင်းစတက်စဉ်တွင် သင့်ကလေး၏ စာသင်ကြားမှုကို သင် နားလည်ရန်နှင့် ပံ့ပိုးပေးရန် အထောက်အကူပြုနိုင်သည်။ TLDS ပါ သတင်းအချက်အလက်များသည် မူကြိုဆရာများအား သင့်ကလေးအား နားလည်စေပြီး သင့်လျော်သော သင်ကြားရေးအစီအစဉ်များကို စီစဉ်ပေးစေသည်။ သင့်ကလေးသည် OSHC ကိုတက်ရောက်မည်ဆိုပါက TLDS သည် သူတို့၏အချိန်များကို ကူ၍စီစဉ်ပေးသည်။

TLDS တွင် သင့်ကလေး၏အမည်၊ မွေးနေ့နှင့် ဓာတ်ပုံအပြင် သင့်အမည်နှင့် ဆက်သွယ်ရန်အချက်အလက်စသော အချို့ကိုယ်ရေးအသေးစိတ် ရှိပါသည်။ ၎င်းတွင် သင့်ကလေးကို ပံ့ပိုးပေးသည့် အခြားသော ကနဦးကာလကလေးဘဝ ပညာရှင်များ၏ အမည်နှင့် ဆက်သွယ်ရမည့်အချက်အလက်များလည်း ပါဝင်နိုင်သည်။

သင့်ကလေး၏ TLDS တွင် ပံ့ပိုးပေးခြင်းသည် အတန်းကျောင်း မစတင်မီ သင်နှင့် သင့်ကလေး အတူတကွ ပါဝင်လုပ်ပေးနိုင်သည့် အသွင်ကူးပြောင်းကာလမှ ကျောင်းလှုပ်ရှားမှုများအနက် တစ်ခုဖြစ်သည်။

## ကျွန်တော့်ကလေး၏ TLDS ကို မည်သို့ ရနိုင်မည်နည်း။

သင့်ကလေး၏ ကနဦးကာလ ကလေးဘဝ ဝန်ဆောင်မှုသည် သင့်အား အွန်လိုင်း TLDS သို့ ချိတ်ဆက်ရန် ဆက်သွယ်မှုတစ်ခု ပေးပါမည်။ အွန်လိုင်း TLDS သည် TLDS ကိုဖြည့်စွက်ပေးရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

အကယ်၍ သင်သည် အွန်လိုင်းနည်းကို အသုံးမပြုနိုင်ပါက ၎င်းအစား စာရွက်ပုံစံ တောင်းနိုင်ပါသည်။

## TLDS ၏ မည်သည့်အပိုင်းကို ဖြည့်ရမည်နည်း။

*အပိုင်း ၁* နှင့် *၁.၁ကို* ကို သင့်ကလေး၏ ကနဦးကာလ ကလေးပညာရေးဆရာမှ ဖြည့်စွက်ထားပါသည်။

*သင့်ကလေးတွင် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း သို့မဟုတ် မသန်စွမ်းမှု ရှိပါက အပိုင်း ၁.၂ကို* သင့်ကလေး၏ ကနဦးကာလ ကလေးပညာရေးဆရာ ဖြည့်ပေးနိုင်ပါသည်။ သင့်ကလေးကို ကူညီပေးနေသည့် အခြားသော ကျွမ်းကျင်ပညာရှင်များသည်လည်း ဤအပိုင်းကို ဖြည့်ပေးနိုင်ပါသည်။

*အပိုင်း ၂- ကလေး*အပိုင်းကို ကလေးကို ကောင်းစွာသိသောလူကြီးနှင့်အတူ ကလေးက ဖြည့်နိုင်ပါသည်။ ဤလူကြီးသည် သင် သို့မဟုတ် ကလေး၏ ကနဦးကာလ ကလေးပညာရေးဆရာ ဖြစ်နိုင်သည်။

*အပိုင်း ၃- မိသားစု*အပိုင်းကို သင် ဖြည့်ပေးရန် ဖြစ်သည်။ သင်၏ ဖြည့်ပေးခြင်းသည် အရေးကြီးပါသည်။ ဤအပိုင်းတွင် သင့်ကလေး၏ စိတ်ဝင်စားမှုများအပြင် အတန်းကျောင်းတွင် သင့်ကလေးအတွက် သင့် ထင်မြင်ချက်နှင့် မျှော်လင့်ချက်များကိုလည်း မျှဝေပေးစေရန်အတွက် မေးခွန်းများ ပါရှိသည်။ ဤမေးခွန်းများကို ဖြေဆိုခြင်းဖြင့် ဆရာများနှင့် OSHC ဝန်ထမ်းများက (လိုအပ်ပါက) ကလေးကို တုံ့ပြန်ရန်နှင့် နားလည်ရန် အထောက်အကူပြုနိုင်ပြီး ဤသို့ဖြင့် သူတို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးပါလိမ့်မည်။

## TLDS ကိုဖြည့်စွက်ပြီးပါက ဘာဖြစ်မည်နည်း။

TLDS ကို ဖြည့်စွက်ပေးပြီးနောက်၊ သင်၏ ကနဦးကာလ ကလေးပညာရေးဆရာသည် ဖြည့်စွက်ထားသည့် မိတ္တူကို သင့်အား ပေးပါမည်။

သင်၏ ကနဦးကာလ ကလေးပညာရေးဆရာသည် ဖြည့်စွက်ထားသည့် TLDS ကို သင့်ကလေး၏ အတန်းကျောင်းနှင့် OSHC ဝန်ဆောင်မှုသို့လည်း (လိုအပ်ပါက) မျှဝေပေးကမ်းပါလိမ့်မည်။

သင့်ကလေးသည် မည်သည့် အတန်းကျောင်း တက်ရောက်မည်ကို မသေချာပါက၊ သင်၏ ကနဦးကာလ ကလေးပညာရေးဆရာသည် သင့်အား TLDS မိတ္တူ နောက်တစ်ခု ပေးလိမ့်မည်။ သင် ဤမိတ္တူကို သင့်ကလေးအား ကျောင်းအပ်သည့်အခါ အတန်းကျောင်းသို့ ပေးနိုင်ပါသည်။

*အပိုင်း ၃- မိသားစု*အပိုင်းကို သင် မဖြည့်စွက်ပါက၊ သင့်ကလေး၏ ကနဦးကာလ ကလေးပညာရေးဆရာသည် အခြားဖြည့်စွက်ထားသည့် အပိုင်းများကို အတန်းကျောင်းနှင့် OSHC ဝန်ဆောင်မှုသို့ ဝေမျှပေးကမ်းနိုင်သေးပြီး (လိုအပ်ပါက) မျှဝေပေးလိုက်သည့် ထိုမိတ္တူတစ်စောင်ကို သင့်အား ပေးပါမည်။

အတန်းကျောင်းများမှ သုတေသနနှင့် အကြံပြုချက်တို့က ရည်ညွှန်းသည်မှာ ဤသတင်းအချက်အလက်များကို မျှဝေခြင်းသည် အတန်းကျောင်းသို့ အောင်မြင်သော အသွင်ကူးပြောင်းရေးကို အထောက်အကူပြုသည်ဟု

ညွှန်ပြပါသည်။ အကယ်၍ သင် TLDS ကို သင့်ကလေး၏ အတန်းကျောင်းသို့ မမျှဝေလိုပါက၊ သင့်ကလေး၏ ကနဦးကာလ ကလေးပညာရေးဆရာနှင့် ဆွေးနွေးပါ။

သင့်လျော်ပြီး ဘေးကင်းသော သတင်းအချက်အလက်သည် ဗစ်တိုရီးယား ပညာရေးနှင့် စောင့်ရှောက်မှု ကျွမ်းကျင်သူများအား ကလေးကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို သေချာစေရန် လိုအပ်သော အသိပညာနှင့် သတင်းအချက်အလက်များ ရရှိစေရန် အထောက်အကူပြုသည်။

ပိုမိုသိရှိလိုပါက၊ https://www.vic.gov.au/information-sharing-schemes-and-the-maram-frameworkသို့ ဝင်ရောက်ကြည့်ရှုပါ။

## ပိုမိုသိရှိလိုပါက

ပိုမိုလေ့လာရန်၊ သင်သည် www.vic.gov.au/transition-school-resources-families သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဤသတင်းအချက်အလက်ကို ဤနေရာတွင် www.vic.gov.au/transition-school-resources-familiesတွင် အသိုင်းအဝိုင်းဘာသာစကားများစွာဖြင့်လည်း ရရှိနိုင်ပါသည်။